# အမေရိကန်နိုင်ငံရှိ အိမ်ရာကဏ္ဍ




**အမေရိကန်နိုင်ငံတစ်ဝှမ်းတွင် အိမ်ရာများသည် အလွန်ကွဲပြားနိုင်ပါသည်။** အမေရိကန်နိုင်ငံသို့ ပထမဆုံးရောက်ရှိသည့်အခါ သင်သည် တိုက်ခန်း၊ ဟိုတယ်၊ သို့မဟုတ် နေထိုင်ဆဲ ဆွေမျိုးများထံတွင် နေထိုင်ရနိုင်ပါသည်။ သင်တစ်ဦးတည်းရောက်လာပါက အိမ်ရာ၏ ကနဦးကုန်ကျစရိတ်အားလုံးကို လျှော့ချရန်အတွက် မကြာသေးမီက ရောက်ရှိခဲ့သော အခြားသူများကိုရှာဖွေ၍ အိမ်ရာများကို မျှဝေနေထိုင်နိုင်မည်ဖြစ်သည်။



## အိမ်ရာစရိတ်များ

အမေရိကန်နိုင်ငံတွင် အိမ်ရာများသည် ဈေးကြီးပြီး နေထိုင်ရန်နေရာရှာရန် ခက်ခဲနိုင်သည်။ လူအများစုသည် အိမ် သို့မဟုတ် တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ကြလေ့ရှိသည်။ ပြည်နယ်၊ မြို့နှင့် ရပ်ကွက်ပေါ်မူတည်၍ အိမ်ရာစရိတ်များ ကွဲပြားနိုင်ပါသည်။ သင်မည်သည့်နေရာတွင်မဆို နေထိုင်သည်ဖြစ်စေ အိမ်ရာစရိတ်သည် သင့်လစဉ်စရိတ်များထဲတွင် အများဆုံးစရိတ်တစ်ခု ဖြစ်နိုင်ပါသည်။






switchboard
connecting resettlement experts

SettleIn

## အိမ်ရာထောက်ပံ့ရေး

အမေရိကန်နိုင်ငံတွင် အိမ်ရာထောက်ပံ့ရေးသည် အကန့်အသတ်ရှိနိုင်ပြီး မကြာခဏဆိုသလို စောင့်ဆိုင်းဆဲစာရင်းများတွင် ပါဝင်သွားနိုင်သည်။ အဆိုပါပရိုဂရမ်များကို အများအားဖြင့် ပြည်နယ် သို့မဟုတ် ဒေသတွင်းအစိုးရအေဂျင်စီများ၊ အများပိုင်အိမ်ရာအာဏာပိုင်များနှင့် တစ်ခါတစ်ရံတွင် အကျိုးအမြတ်မယူသောအဖွဲ့အစည်းများမှ စီမံခန့်ခွဲလေ့ရှိပါသည်။ သင်အကူအညီလိုပါက သင့်ဒေသတွင် အများပိုင်အိမ်ရာအာဏာပိုင် သို့မဟုတ် လာရောက်နေထိုင်သူအသစ်များကို ပံ့ပိုးပေးသည့် ရပ်ရွာအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းကို ဆက်သွယ်ခြင်းဖြင့် စတင်နိုင်ပါသည်။






အိမ်ရာထောက်ပံ့ရေး ပရိုဂရမ်များအတွက် သတ်မှတ်ချက်ပြည့်မီမှုများသည် ကွဲပြားနိုင်ပြီး လျှောက်ထားသူများသည် သတ်မှတ်ချက်ပြည့်မီရန် သီးခြားဝင်ငွေလမ်းညွှန်ချက်များကို ပြည့်မီထားရမည်ဖြစ်သည်။ သင့်ဝင်ငွေသည် အကန့်အသတ်ရှိနေပါက သင့်ပထမဆုံးနေအိမ်သည် သင့်မိသားစုအတွက် အိမ်အရွယ်အစား၊ အလုပ် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းအနီးရှိ တည်နေရာ သို့မဟုတ် ငွေကြေးတတ်နိုင်မှုကဲ့သို့သော သင့်စိတ်ကြိုက်အချက်အားလုံးနှင့် ကိုက်ညီနိုင်မည်မဟုတ်ပေ။ အချိန်ကြာလာ၍ သင့်အခြေအနေ တိုးတက်လာသည်နှင့်အမျှ သင့်လိုအပ်ချက်များနှင့် ကိုက်ညီမည့် အိမ်တစ်လုံးကို သင်ရွေးချယ်နိုင်မည်ဖြစ်ပါသည်။

## ပရိဘောဂများ

အိမ်တစ်လုံးကို ပရိဘောဂထည့်သွင်းခြင်းသည် ခက်ခဲနိုင်သော်လည်း ပရိဘောဂဘဏ်များ၊ အဟောင်းဆိုင်များ၊ အွန်လိုင်းဈေးကွက်များနှင့် ရပ်ရွာအသိုင်းအဝိုင်းတွင်း အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများအပါအဝင် US တွင် အသစ်လာရောက်နေထိုင်သူများကို ကူညီရန် မဟာဗျူဟာများနှင့် အရင်းအမြစ်များစွာရှိပါသည်။ အဆိုပါအဖွဲ့အစည်းများသည် မြို့အလိုက် ကွဲပြားသောကြောင့် သင့်ဒေသတွင်းရွေးချယ်စရာများကို ရှာဖွေခြင်းသည် ဤကုန်ကျစရိတ်ကို လျှော့ချရာတွင်သင်၏ကနဦး အိမ်သုံးပစ္စည်းအများစုသည် အသုံးပြုပြီးသားပစ္စည်းများ ဖြစ်နိုင်ကြောင်း မှတ်သားထားပါ။ သင့်တွင် တည်ငြိမ်သော ဝင်ငွေလမ်းကြောင်းတစ်ခု ရှိလာသည်နှင့် သင်နှစ်သက်ပြီး ဘတ်ဂျက်နှင့် ကိုက်ညီမည့် ပစ္စည်းများကို ရွေးချယ်ဝယ်ယူနိုင်ပါသည်။ အဓိကကျပါလိမ့်မည်။

switchboard
connecting resettlement experts
SettleIn

# အိမ်ရာအခွင့်အရေးများနှင့် တာဝန်များ

အမေရိကန်နိုင်ငံတွင် အိမ်ငှားနှင့် အိမ်ပိုင်ရှင်နှစ်ဦးစလုံး၌ အခွင့်အရေးနှင့် တာဝန်များရှိပါသည်။ တိုက်ခန်းတစ်ခန်း သို့မဟုတ် အိမ်တစ်လုံးကို ငှားရမ်းသောအခါ အငှားစာချုပ်ဟုခေါ်သော သဘောတူစာချုပ်တစ်ခုတွင် လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ အငှားစာချုပ်တွင် သင့်ကို အိမ်ငှားသူအဖြစ် သတ်မှတ်ထားပြီး ပိုင်ဆိုင်မှုကို အချိန်အတိုင်းအတာတစ်ခုအထိ ငှားရမ်းရန်၊ ငှားရမ်းခနှင့် အခြေခံအသုံးစရိတ်များကို အချိန်မီပေးဆောင်ရန်နှင့် ပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန် သဘောတူရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် သင်သည် အိမ်ငှားတစ်ဦးအနေဖြင့် အရေးကြီးသောအခွင့်အရေးများ ရှိသည်။ ၎င်းတို့တွင် ပါဝင်သည်များမှာ-

- လုံခြုံပြီး နေထိုင်ရန်သင့်လျော်သောအိမ်တွင် နေထိုင်ခွင့်
- ငှားရမ်းခတိုးမြှင့်ခြင်း သို့မဟုတ် နှင်ထုတ်ခြင်းမပြုမီ ရေးသားထားသော အကြောင်းကြားစာကို လက်ခံရရှိပိုင်ခွင့်
- သင့်အငှားစာချုပ်တွင် လက်မှတ်မထိုးမီ ပြန်လည်သုံးသပ်စစ်ဆေးပြီး နားလည်အောင်ဆောင်ရွက်ပိုင်ခွင့်
- မလုံခြုံသော သို့မဟုတ် ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများအတွက် ပြုပြင်ပေးရန် တောင်းဆိုပိုင်ခွင့်
- သင်၏ စပေါ်ငွေကို ပြန်လည်ပေးအပ်ရန် တောင်းဆိုပိုင်ခွင့် (မှန်ကန်သော ငွေဖြတ်မှုများကို နှုတ်၍)
- အိမ်မှနှင်ထုတ်ခြင်းမခံရမီ မျှတသည့်အခွင့်အရေးများရရန် ဆောင်ရွက်ပိုင်ခွင့်

သင့်တွင် မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများရှိပါက သင့်ဒေသတွင်းအိမ်ရာအာဏာပိုင်၊ ဥပဒေရေးရာအကူအညီပေးရေးရုံး သို့မဟုတ် ငှားရမ်းသူများကို ပံ့ပိုးကူညီပေးသည့် ရပ်ရွာအသိုင်းအဝိုင်းတွင်အဖွဲ့အစည်းထံ ဆက်သွယ်နိုင်ပါသည်။






## အိမ်ပိုင်ရှင်၏ တာဝန်များ

အိမ်ရာဥပဒေများသည် အိမ်ရှင်နှင့် အိမ်ငှားနှစ်ဦးစလုံးအတွက် သက်ဆိုင်ပါသည်။ အိမ်ပိုင်ရှင်များသည် ငှားရမ်းမည့်အိမ်ရာအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းရေးစံနှုန်းများနှင့် ကိုက်ညီခြင်းရှိမရှိကို ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ အိမ်ပိုင်ရှင်သည် လျှပ်စစ်၊ ရေပိုက်နှင့် အပူပေးစနစ်များ ကောင်းမွန်ကြောင်း သေချာဆောင်ရွက်ရမည်။ ၎င်းတို့သည် မီးခိုးအချက်ပေးစက်များကို တပ်ဆင်ပေးထားရမည်ဖြစ်ပြီး ကြွက် သို့မဟုတ် အင်းဆက်ပိုးမွှားများ မရှိကြောင်း သေချာဆောင်ရွက်ထားရမည်ဖြစ်သည်။ အိမ်ပိုင်ရှင်များသည် အိမ်ငှားမည့်လူ၏ လူမျိုး၊ နိုင်ငံသား၊ ဘာသာရေး၊ ကျား၊မ၊ မိသားစုအခြေအနေ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေကြောင့် ငှားရမ်းရန် ငြင်းဆိုခြင်းမပြုနိုင်ကြောင်း အိမ်ရာဥပဒေတွင် ဖော်ပြထားသည်။




## အိမ်ပြောင်းရွှေ့ခြင်း

သင်အိမ်ပြောင်းရန်ဆုံးဖြတ်ပါက သင့် အငှားသဘောတူစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း သင့်အိမ်ရှင်ကို အချိန်မီအကြောင်းကြားရန် လိုအပ်ပါသည်။ သင်လက်မှတ်ထိုးထားသော အငှားစာချုပ်ကို ချိုးဖောက်ခြင်း (အငှားသက်တမ်းမကုန်ဆုံးမီ တိုက်ခန်းကိုစွန့်ခွာသွားခြင်း) ကြောင့် ဒဏ်ကြေးငွေများ ပေးဆောင်ရနိုင်ပြီး သင့်ခရက်ဒစ်အဆင့်သတ်မှတ်ချက်ကို ထိခိုက်စေနိုင်ပါသည်။ အိမ်ပြောင်းခြင်းသည် ဈေးကြီးနိုင်သောကြောင့် သင့်အငှားစာချုပ်သက်တမ်းကို အဆုံးသတ်ခြင်းမပြုမီ အိမ်ပြောင်းရန်ငွေလုံလောက်ကြောင်း သေချာစေရန် ဆောင်ရွက်ထားသင့်သည်။ သင်သည် လိပ်စာအသစ်တစ်ခုသို့ ရွှေ့ပြောင်းနေထိုင်သည့်အခါ အမေရိကန်နိုင်ငံ အစိုးရနှင့် အမေရိကန်စာတိုက်ဝန်ဆောင်မှု (United States Postal Service, USPS) တို့ကို အကြောင်းကြားရန် အရေးကြီးပါသည်။ ထိုသို့အကြောင်းကြားခြင်းဖြင့် သင်သည် အရေးကြီးသောစာလွှာများကို ဆက်လက်လက်ခံရရှိကြောင်း သေချာစေနိုင်မည်ဖြစ်ပြီး သင်၏ လူဝင်မှုကြီးကြပ်ရေးမှတ်တမ်းများ အပ်ဒိတ်ဖြစ်နေစေရန် ကူညီပေးနိုင်ပါသည်။ အကယ်၍ သင်သည် SNAP သို့မဟုတ် Medicaid ကဲ့သို့သော အများပိုင်အကျိုးခံစားခွင့်များကို လက်ခံရရှိနေပါက အိမ်ပြောင်းသည့်အခါတွင် အဆိုပါပြည်နယ်အေဂျင်စီများကိုလည်း သတင်းပို့ရမည်ဖြစ်သည်။

switchboard
connecting resettlement experts

SettleIn



# အိမ်နီးချင်းကောင်းတစ်ဦးအဖြစ်နေထိုင်ခြင်း

အမေရိကန်နိုင်ငံတွင် အိမ်နီးချင်းကောင်းတစ်ဦးဆိုသည်မှာ အနီးနားတွင်နေထိုင်သော လူများကို စာနာတတ်သူတစ်ဦးဖြစ်သည်။ တိုက်ခန်းတစ်ခုတွင်နေထိုင်ပါက သင်သည် အများသုံးနေရာများကို သန့်ရှင်းသပ်ရပ်စွာ ထားရှိသင့်သည်။ သင်သည်အိမ်တစ်လုံးတွင် နေထိုင်ပါက မြက်ခင်းပြင်ကို သပ်သပ်ရပ်ရပ်ထိန်းသိမ်းကာ အမှိုက်သိမ်းသည့်နေ့များတွင်သာ အမှိုက်ပစ်သင့်ပါသည်။



စာနာထောက်ထားတတ်သော အိမ်နီးချင်းတစ်ဦးဖြစ်ခြင်းဆိုသည်မှာ သင့်အိမ်နီးနားချင်းများကို အနှောင့်အယှက်မဖြစ်စေရန် ညအချိန်တွင် ဆူညံသံအဆင့်ကို အနည်းဆုံးထားရှိရမည်ဖြစ်ပါသည်။ ရပ်ရွာအသိုင်းအဝိုင်းအသစ်တစ်ခုတွင် အိမ်အသစ်တစ်ခုကို တည်ထောင်ခြင်းသည် မလွယ်ကူသလို သင်နေထိုင်နေကျပုံစံနှင့်လည်း ကွဲပြားသွားနိုင်သည်။ အချိန်၊ စိတ်ရှည်သည်းခံမှုနှင့် ပံ့ပိုးကူညီမှုတို့ဖြင့် သင့်ပတ်ဝန်းကျင်အသစ်နှင့် လိုက်လျောညီထွေဖြစ်ကာ လုံခြုံပြီး သက်တောင့်သက်သာရှိသော အိမ်တစ်လုံးကို ဖန်တီးတည်ထောင်နိုင်ပါသည်။

switchboard
connecting resettlement experts

SettleIn

## Settle In ဟူသည်

Settle In ဟူသည်မှာ နိုင်ငံသစ်သို့ပြောင်းရွှေ့လာသူများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိ၍၊ တုံ့ပြန်နိုင်မှုမြင့်မားပြီး၊ ယုံကြည်ရသည့် အမေရိကန်နိုင်ငံနှင့်စပ်လျဉ်းသော သတင်းအချက်အလက် များကို မျှဝေပေးသောယုံကြည်ရသည့်ရင်းမြစ်တစ်ခုဖြစ်သည်။ ဘာသာစကားအမျိုးမျိုးဖြင့် အသုံးပြုနိုင်သည့် Settle In ၏ဒီဂျစ်တယ်ပလက်ဖောင်းက အမေရိကန်နိုင်ငံအတွင်းရှိ ဘဝနေထိုင်မှုပုံစံကို ပိုမိုလွယ်ကူစေရေးအတွက် နေရာသစ်သို့အခြေချလာသူများကို ပံ့ပိုးပေးရန် လိုအပ်သည့်ရင်းမြစ်များ၊ လမ်းညွှန်မှုနှင့် ဘာသာစကားအမျိုးမျိုးဖြင့် ပံ့ပိုးမှုများကို ဆောင်ကျဉ်းပေးလျက်ရှိသည်။

## Switchboard ဟူသည်

Switchboard သည် အမေရိကန်နိုင်ငံရှိ ဒုက္ခသည်ဝန်ဆောင်မှု ပေးသူအဖွဲ့အစည်းများအတွက် တစ်နေရာတည်းအပြီး အသုံးပြုနိုင်သည့် အရင်းအမြစ်စင်တာတစ်ခုဖြစ်ပြီး၊ ပြန်လည်နေရာချရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာ များနှင့်ဆက်စပ်သော အသုံးပြုစရာနည်းလမ်းများ၊ သင်ကြားမှုအခွင့်အလမ်းများ၊ နည်းပညာဆိုင်ရာ အကူအညီများကို ဖော်ပြပေးထားပါသည်။

Switchboard ကို ဒုက္ခသည်ပြန်လည်နေရာချထားရေးရုံး (ORR - Office of Refugee Resettlement) မှ ငွေထောက်ပံ့ပေးပြီး၊ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ (IRC - International Rescue Committee) က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

IRC သည် အမေရိကန်နိုင်ငံ၏ ကျန်းမာရေးနှင့် လူထုဝန်ဆောင်မှုဦးစီးဌာန (U.S. Department of Health and Human Services)၏ ကလေးသူငယ်များနှင့် မိသားစုများအတွက် စီမံခန့်ခွဲရေးအစီအစဉ် (Administration for Children and Familied) မှတဆင့်ပေးအပ်သော အများနှင့်ယှဉ်ပြိုင်ရသည့် ငွေထောက်ပံ့မှုအစီအစဉ် (Grant #90RB0053) ကို ရရှိခဲ့ပါသည်။ ဤစီမံကိန်းကို ဖက်ဒရယ်အစိုးရပိုင်ရန်ပုံငွေများဖြင့် ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့ပေးထားခြင်းဖြစ်သည်။

ဤစာတမ်းပါအကြောင်းအရာများသည် စာရေးသူတို့၏ တစ်ဦးတည်းသောတာဝန်သာဖြစ်ပြီး၊ အမေရိကန်နိုင်ငံ၏ ကျန်းမာရေးနှင့် လူထုဝန်ဆောင်မှုဦးစီးဌာန (U.S. Department of Health and Human Services)၏ ကလေးသူငယ်များနှင့် မိသားစုများအတွက် စီမံခန့်ခွဲရေးအစီအစဉ် (Administration for Children and Familied) ၏ တရားဝင်အမြင်သဘောထား များကို သေချာပေါက် ကိုယ်စားမပြုပါ။

switchboard
connecting resettlement experts

SettleIn